Australian Government

# ယဉ်ကျေးမှုပေါင်းစုံ ဩစတြေးလျတွင် လူတိုင်းအတွက် တရားမျှတမှုကို မြှင့်တင်ခြင်း

## အစီရင်ခံစာ အကျဉ်းချုပ်

ယဉ်ကျေးမှုပေါင်းစုံ ဖွဲ့စည်းတည်ဆောက်ပုံ သုံးသပ်ချက်သည် ယဉ်ကျေးမှုစုံ၊ ကိုးကွယ်ရာစုံနှင့် လူမှုဘဝအတွေ့အကြုံပေါင်းစုံပါဝင်သည့်နိုင်ငံတစ်ခုအနေဖြင့် ဩစတြေးလျနိုင်ငံ စွမ်းရည်ပြည့်တိုးတက်နိုင်သည်ကို နားလည်သဘောပေါက်ရန် နေရာချစီစဉ်ပေးနိုင်မည့် အစိုးရနှင့် လူထု ချဉ်းကပ်လုပ်ဆောင်မှုအတွက်လိုအပ်သော မျိုးဆက်ပေါင်းစုံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

ဩစတြေးလျအစိုးရထံ ပေးပို့ရသော အစီရင်ခံစာတွင် ယခုသုံးသပ်ချက်အား ဩစတြေးလျနိုင်ငံတစ်ဝှမ်း လူထုညှိနှိုင်းဆွေးနွေးပွဲပေါင်း ၂၁၆ ပွဲမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံထားပါသည်။ ဦးဆောင်အဖွဲ့မှလည်း လူထုတင်ပြချက် ၇၉၆ ချက် (အင်္ဂလိပ်ဘာသာမဟုတ်သော အခြားဘာသာစကားများဖြင့် ၁၅%) ကို ထည့်သွင်းစဉ်းစားထားပြီး မျိုးဆက်ပေါင်းစုံ ပါဝင်လာစေရန် ကလေးနှင့် လူငယ်များအတွက် အနုပညာပြိုင်ပွဲတစ်ခု ပြုလုပ်ခဲ့ပါသည်။

လူမှုအဖွဲ့များက ဦးဆောင်အဖွဲ့အား ဆက်သွယ်သည့်အခါ၊ ဆုံးဖြတ်ချက်ရာတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နိုင်ရန်၊ သက်ဆိုင်ရာအစိုးရအဆင့်များနှင့် ပူးပေါင်း စီစဉ်ဖော်ထုတ်နိုင်ရန်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု မျှဝေနိုင်ရန်အတွက် ဆန္ဒပြုလိုကြောင်း ခိုင်ခိုင်မာမာ ညီညီညွတ်ညွတ် ပြောဆိုလာပါသည်။

ဤပြဿနာများကို လူမှုအဖွဲ့များ၊ သီးသန်ကဏ္ဍများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများဖြင့် ဖြေရှင်း၍မရသလို၊ အသက်တူအုပ်စုတစ်စုတည်းဖြင့်လည်း ဖြေရှင်း၍မရပါ။ အားလုံးပါဝင်ရမည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာအောင် ပြုစုပျိုးထောင်ရန် ဩစတြေးလျနိုင်ငံအတွင်းရှိလူတိုင်းတွင် တာဝန်ရှိပါသည်၊ လုပ်ငန်းခွင်များတွင်၊ လူမှုဆက်ဆံရေးများတွင်၊ လိုင်းပေါ် သို့မဟုတ် လူတွေ့အားဖြင့်သော်လည်းကောင်း လူတိုင်းသည်

ပါဝင်နိုင်မှု၊ တရားမျှတမှု၊ လေးစားမှုနှင့် တန်းတူညီမျှမှုတို့အတွက် လူ့အခွင့်အရေးနှင့်အညီ ချဉ်းကပ်လုပ်ဆောင်မှုတစ်ရပ်ကို အသုံးပြုသင့်သည်။

အစိုးရအဆင့်ဆင့်၌ မူဝါဒ လက်တွဲမှုနှင့် လုပ်ဆောင်မှုကို သေချာစေရန်၊ ဤအစီရင်ခံစာတွင် အကြံပြုချက် ၂၉ ချက်ကို ဦးစားပေးအကောင်အထည်ဖော်ရန် ဩစတြေးလျအစိုးရအား တောင်းဆိုထားပါသည်။

ဤအကြံပြုချက်များကို ရေးဆွဲခြင်းဖြင့် ယဉ်ကျေးမှုပေါင်းစုံ ဖွဲ့စည်းတည်ဆောက်ပုံအတွက် လမ်းပြမြေပုံတစ်ခု အဆိုပြုထားပါသည်။ ဤလမ်းပြမြေပုံသည် မှန်ကန်သော ပညာရပ်ဆိုင်ရာအဖွဲ့အစည်းသတ်မှတ်ချက်များနှင့်အတူ လူတိုင်းအတွက် အောင်မြင်ပြီး တရားမျှတသော ယဉ်ကျေးမှုပေါင်းစုံရှိသည့် ဩစတြေးလျနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်သော စဉ်ဆက်မပြတ်တိုးတက်ခြင်းကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ ပြည့်စုံသော အချက်အလက်၊ သုတေသနနှင့် အစီရင်ခံခြင်းတို့ဖြင့် နောက်ခံပြုထားသည့် ဤလမ်းပြမြေပုံသည် အောက်ပါတို့ကို ဖော်ပြထားပါသည်-

## ဆက်သွယ်ချိတ်ဆက်မှုဖြင့် အခြေခံအုတ်မြစ်များ သတ်မှတ်ခြင်း

- လူမှုပေါင်းစည်းညီညွတ်မှု၊ ယဉ်ကျေးမှုလက္ခဏာ၊ အခွင့်အလမ်းတန်းတူညီမျှမှုအပေါ် အခြေခံသည့် ယဉ်ကျေးမှုစုံစနစ်အား ဆောင်ရွက်မည့် အစိုးရနှင့် အတိုက်အခံပူးတွဲပါဝင်သည့် နိုင်ငံတော်ကတိကဝတ်
- အကြံပြုထားသည့် ယဉ်ကျေးမှုပေါင်းစုံ ဩစတြေးလျကော်မရှင်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ဆောက်ပုံအား အကောင်အထည်ဖော်မည့် ခိုင်မာသောခေါင်းဆောင်မှုနှင့် တာဝန်ခံမှု
- သီးသန့်သတ်မှတ်ထားသော ယဉ်ကျေးမှုပေါင်းစုံရေးရာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဖြစ်ရေးဌာနမှတဆင့် မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း
- နိုင်ငံတစ်ဝှမ်းနှင့် လူမှုအဖွဲ့မှတဆင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုပေါင်းစုံ ဝန်ကြီးအဆင့်တွေ့ဆုံပွဲနှင့် ယဉ်ကျေးမှုပေါင်းစုံ လူမှုအဖွဲ့ အကြံပေးကောင်စီ

## ကိုယ်ပိုင်လက္ခဏာနှင့် ဆင်းသက်လာမှုကို အခြေခံသည့် ပျူငှာသော ဩစတြေးလျနိုင်ငံကို ပြုစုပျိုးထောင်ခြင်း

- သဟဇာတရက်သတ္တပတ် (Harmony Week) အပါအဝင် ယဉ်ကျေးမှုပေါင်းစုံစနစ်ကို ဂုဏ်ပြုရန်နှင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေး ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာနေ့ကို တရားဝင်ကျင်းပရန်အတွက် နိုင်ငံတော်စီမံကိန်း
- လူမှုစီးပွားရေးရလဒ်များအတွက် ရေရှည်တည်တံ့သော နိုင်ငံတော်ဘာသာစကားမူဝါဒကို အကောင်အထည်ဖော်ရန်
- ခေတ်မီ ယဉ်ကျေးမှုပေါင်းစုံနိုင်ငံကို ထင်ဟပ်စေသည့် နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်အသစ်

- လွတ်လပ်ပြီး ဘက်ပေါင်းစုံပါသည့် သတင်းပြန်ကြားရေးကဏ္ဍ
- အနုပညာနှင့် အားကစားမှတဆင့် လူမှုရေးပြောင်းလဲမှုကို တွန်းအားပေးနိုင်သော လူမှုအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန်
- နိုင်ငံသားဖြစ်မှုဖြစ်စဉ်များ၊ နိုင်ငံသားပါဝင်မှု၊ အမြဲတမ်းနေထိုင်ခွင့်လမ်းကြောင်းနှင့် ပညာရေးလမ်းကြောင်းများကဲ့သို့သောနေရာများတွင် သမိုင်းသင်ခန်းစာများ ထည့်သွင်းခြင်းကဲ့သို့သော အစီအစဉ်များမှတဆင့် မူလနိုင်ငံများသမိုင်းကြောင်းကို ဩစတြေးလျနိုင်ငံတစ်ဝှမ်းလုံးတွင် ပိုမိုနားလည်သဘောပေါက်မှုများ စတင်ပြုစုပျိုးထောင်ရန်

## အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စေခြင်း

- ကျန်းမာရေး၊ မသန်စွမ်းမှု၊ ပညာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် အိုးအိမ်နေရာချထားရေးများအပါအဝင် ယဉ်ကျေးမှုနှင့်အညီ တုံ့ပြန်ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်များ ထည့်သွင်းရန်
- APSC တာဝန်ခံမှုရှိသည့်ဦးဆောင်မှုဖြင့် စီစဉ်သော ဩစတြေးလျပြည်သူ့ဝန်ထမ်းလုပ်ငန်းများတွင် ယဉ်ကျေးမှုနှင့်အညီ စွမ်းရည်မြှင့်တင်ခြင်း
- ရေရှည်တည်တံ့မှုနှင့် သေချာမှုတို့ကို အဓိကထား၍ ခေတ်မီသော ယဉ်ကျေးမှုပေါင်းစုံ ထောက်ပံ့ရေးအစီအစဉ်
- ယဉ်ကျေးမှုနှင့် နည်းပညာကွာဟချက်ကို ပေါင်းကူးရန် စီမံကိန်း ရေးဆွဲ၍ အကောင်အထည်ဖော်ရန်
- လူငယ်များနှင့် ဒေသဆိုင်ရာ လူမှုအဖွဲ့များ၏ သီးသန့်ထူးခြားသောလိုအပ်ချက်များအား ဂရုပြုရန်
- ယဉ်ကျေးမှုပေါင်းစုံမူဝါဒနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ဘက်ပေါင်းစုံနှင့် ကျားမတန်းတူညီမျှရေးမှုကို ထည့်သွင်းရန်